# မြန်မာ့ပွဲတော် ၂၀၁၅

# ဆိုင်ခန်းဖွင့်ရေးအချက်အလက်များ


မြန်မာ့ပွဲတော် ဖြစ်မြောက်ရေး ကော်မတီရုံး   ဆိုင်ခန်းရေးရာ ဌာန

Myanmar Matsuri booth shutten moshikomi uketsuke gakari,

3-8-5, floor3, Hyugano building, Toyo, Koto-ku, Tokyo

135-0016 Japan

TEL : 03-6278-7464    FAX : 03-5550-8597

Email: info@myanmarfestival.org

## 【ပွဲတော် အစီအစဉ်】

■အမည် ：မြန်မာ့ပွဲတော်၂၀၁၅

■အချိန်ကာလ：၂၀၁၅ခုနှစ် နိုဝင်ဘာလ ၂၈ရက် (စနေနေ့) နံနက် ၁၀နာရီ ～ည ၆ နာရီ ※မိုးရွာမရှောင်လုပ်မည်
နိုဝင်ဘာလ ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီ ～ညနေ ၄ နာရီ ※မိုးရွာမရှောင်လုပ်မည်

■နေရာ：Jodo Shu Main Temple　Zojoji Temple　4-7-35 Shibakoen Minato-ku, Tokyo 105-0011 Japan

အနီးဆုံးဘူတာ：JR / Tokyo Monorail　Hamamatsucho ဘူတာ ကနေ လမ်းလျှောက် ၁၀ မိနစ်
Toei Mita Line　Onarimon / Shibakoen ဘူတာ ကနေ လမ်းလျှောက် ၃ မိနစ်
Toei Asakusa / Oedo Line　Daimon ဘူတာ ကနေ လမ်းလျှောက် ၅ မိနစ်
Toei Oedo Line　Akabanebashi ဘူတာ ကနေ လမ်းလျှောက် ၇ မိနစ်
Tokyo Metro Hibiya Line　Kamiyacho ဘူတာ ကနေ လမ်းလျှောက် ၁၀ မိနစ်

■ဦးဆောင်ရေးအဖွဲ့များ

Myanmar Matsuri Jikko Inkai,　Greater Mekong Initiative,　Myanmar Embassy,Tokyo
Jodo Shu Tomoiki Zaidan

■အသေးစိတ်အစီအစဉ်

မြန်မာ့ဆွေးနွေးပွဲ ၊ ဂျပန် - မြန်မာ ချစ်ကြည်ရေး ဓာတ်ပုံပြပွဲ ၊ မြန်မာ့စားသောက်ဆိုင်တန်းနှင့်ဈေးတန်း
သီချင်းဆိုပွဲ ၊ လုပ်ငန်းမိတ်ဆက်ပွဲ

■လာရောက်ခန့်မှန်းလူဦးရေ ၆ သောင်း (၂ ရက်တာ)

■နေရာမြေပုံ (အောက်ပါမြေပုံသည် တနှစ်ကမြေပုံဖြစ်ပါသည် ။ ယခုနှစ်အတွက် အပြောင်းအလဲရှိနိုင်မည်။)

မြန်မာ့စားသောက်ဆိုင်တန်း
・ထမင်းဆိုင် ၊ အအေးဆိုင်ခန်းများ




မြန်မာ့ဈေးတန်း
・ကုမ္ပဏီမိတ်ဆက်
ဈေးရောင်းဆိုင်ခန်းများ
・ဒါနပြုကုမ္ပဏီဆိုင်ခန်းများ
・NGO・NPOဆိုင်ခန်းများ

■ လျှောက်လွှာတင်ရန် လိုအပ်ချက်များ

၁။ ပွဲတော်နေ့တွင် ဆိုင်ဖွင့်မည့် လုပ်ငန်းရှင်များ သို့မဟုတ် NGO / NPO ဦးဆောင်သူများ ကိုယ်တိုင် လျှောက်လွှာတင်ရမည်။ လျှောက်လွှာတင်သူနှင့်ဆိုင်ဖွင့်သူခြားနားခြင်း ၊ အခြားသူ၏ဆိုင်ဖွင့်ခွင့်ပြုချက် ကို ကာယကံရှင်၏အစားအသုံးပြုခြင်း ၊ ဆိုင်ဖွင့်ခွင့်ပြုချက် ကိုအခြားလူအားလွှဲပြောင်းခြင်း ပြုလုပ်ပါက မြန်မာ့ပွဲတော်လုပ်ဆောင်ရေး ကော်မတီရုံးက ခွင့်ပြုချက်ကိုရုပ်သိမ်းနိုင်မည်။

※ ဆိုင်ဖွင့်ရန်လျှောက်လွှာ မှာ လိုအပ်ချက်များကို ဂျပန်စာ ဖြင့် ရေးသားပါ ။ ( ဆိုင်အမည် ၊ ကုမ္ပဏီအမည် ၊ တာဝန်ခံ အမည် ၊ အစားအစာအမည် မှာ အင်္ဂလိပ်စာ ဖြင့် လည်းကောင်း ၊ မြန်မာ့စာ ဖြင့် လည်းကောင်း ရေးသားပါ )

※ ဂျပန်စာဖြင့် ရေးသားရန်ခဲယဉ်းပါက ပွဲတော်ရုံး ကို တိုင်ပင်ပါ။

၂။ ပွဲတော်တွင်ရောင်းချမည့်အစားအစာများ ၊ ပစ္စည်းများ နှင့် ဝန်ဆောင်မှုသည် မြန်မာနှင့်ဆက်နွယ်မှုရှိရမည် ။

၃။ မြန်မာ့စားသောက်ဆိုင်တန်းတွင်ဆိုင်ဖွင့်သူသည် ဂျပန်နိုင်ငံတွင်သတ်မှတ်ထားသော ကျန်းမာရေးဆိုင်ရာသတ်မှတ်ချက် နှင့်စည်းကမ်းများကိုလိုက်နာရမည်။

၄။ **မြန်မာ့စားသောက်ဆိုင်တန်းတွင်ဆိုင်ဖွင့်သူသည် ဆိုင်ခန်းတစ်ဝက်ကိုအသုံးပြုပါက လက်ဆေးကန်နှင့် ရေခဲသေတ္တာ စသောပစ္စည်းများကို အခြားဆိုင်ဖွင့်သူနှင့်အတူတူ အသုံးပြုရမည်။ အကယ်၍ စားသောက်ဖွယ်ရာ နှင့် ပတ်သက်သော ပြဿနာဖြစ်ပွားပါက အသုံးပြုသူများတွင် အားလုံးတွင်တာဝန်ရှိကြောင်း သဘောလက်ခံပြီးမှ လျှောက်လွှာတင်ပါ။ သက်ဆိုင်သောကုမ္ပဏီချင်းက ဘေးချင်းကပ်ယှဉ်၍ဆိုင်ဖွင့်လိုပါက ဤအကြောင်းကို လျှောက်ပါ ။ မြန်မာပွဲတော် ဖြစ်မြောက်ရေးကော်မတီမှစဉ်စားမည်။ ဆိုင်ခန်းနေရာချပုံကို ကော်မတီသတ်မှတ်မည်။**

၅။ ဆိုင်ခန်းတွင်ရောင်းချမည့် ပြည်ပသွင်းကုန်ပစ္စည်းသည် ဂျပန်နိုင်ငံ၏ ပြည်ပသွင်းကုန် ဥပဒေအရ တင်သွင်းသည့် တရားဝင်သွင်းကုန်ဖြစ်ရမည်။

၆။ ဆိုင်ခန်းအရေအတွက်သည်အပြောင်းအလဲရှိနိုင်မည် ။ ထို့ပြင် လျှောက်လွှာတင်သူဦးရေက သတ်မှတ်ထားသောဆိုင်ခန်း အရေအတွက်ကို ကျော်လွန်သွားပါက ကော်မတီမှ စိစစ်၍ ဆိုင်ဖွင့်သူကို ရွေးချယ်နိုင်မည်။ **ဦးဆုံးလျှောက်သူအလိုက် မဟုတ် ကြောင်း သဘောတူလက်ခံပါ။**

၇။ ဤအချက်အလက်များတွင်ပါသော ဆိုင်ခန်းတွင်ပါရှိသောပစ္စည်းများအပ မှာနိုင်သောပစ္စည်းများအကြောင်းကို နောက်ပါ မှာနိုင်သောပစ္စည်းများစာရင်းကို ဖတ်ရှု၍ လိုအပ်ပါက လျှောက်ပါ။ (လျှောက်လွှာသည် ရှင်းလင်းပွဲတွင်ဖြန့်ဝေမည်) မှာနိုင်သောပစ္စည်းစာရင်းတွင်မပါသောပစ္စည်းများသည် ဆိုင်ဖွင့်သူက ကိုယ်တိုင်စီစဉ်ထားပါ။

၈။ ကော်မတီက ခန့်ခွဲမည့် Green Stamp program ကို ကူညီဆောင်ရွက်ပါ။ Green Stamp program နှင့် ပတ်သက်၍ ရှင်းလင်းပွဲတွင် ဖော်ပြပါမည်။

■စားသောက်ဖွယ်ရာ ရောင်းဝယ်ရန် လိုအပ်ချက်များ

◆အောက်ပါကျန်းမာရေးရုံး စည်းကမ်းများအတိုင်း ဆိုင်ဖွင့်ထားခြင်းကိုစစ်ဆေးမည်◆

| |
|---|
| **မြန်မာ့ပွဲတော်နေ့တွင်ကော်မတီဝန်ထမ်းက ကြိုတင်လက်ခံထားသောလျှောက်လွှာအတိုင်း ချက်ပြုတ်ခြင်း ၊ ရောင်းဝယ် ခြင်းရှိ ၊ မရှိ ကို စစ်ဆေးမည်။ အခြား လိုအပ်မှုရှိပါက စစ်ဆေးမည်။ မသင့်လျော်သောဆိုင်ခန်းအား ဆိုင်ဖွင့်ခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်မည်။ ခွင့်ပြုချက်ကိုရုပ်သိမ်းပြီးနောက် ဆိုင်ဖွင့်ခ နှင့် အခြားအခ လုံးဝ ပြန်မပေးကြောင်း သတိပြုပါ။** |

## ကျန်းမာရေးရုံး စည်းကမ်းများ

I ချက်ပြုတ်သောစားသောက်ကုန်

(၁)ကောက်ညှင်းဆန်သည် ပွဲတော်နေရာတွင် မထောင်းရပါ ။

(၂)အသားအစိမ်း (ငါးသားအစိမ်း ၊ ဆူရှီ ) ၊ နို့စိမ်း ကို အသုံးမပြုရပါ ။

(၃)အသုံးပြုမည့် စားသောက်ကုန်အား စိတ်စိတ်လှီးခြင်းစသော ပြင်ဆင်မှုကို ပွဲတော်နေရာတွင် မပြုလုပ်ရပါ ။
ပြင်ဆင်မှုလိုအပ်သောစားသောက်ကုန်များအား အသုံးပြုပါက လိုင်စင်ရရှိသောဆိုင်သို့မဟုတ်နေရာများတွင် ပြင်ဆင်ပါ ။
လိုအပ်ပါက အသုံးမပြုခင် ရေခဲသေတ္တာထဲတွင်ထိမ်းသိမ်းထားပါ။

(၄)ရေခဲခြစ်အတွက်သောက်ရေအသုံးပြုပါ ။ ရေခဲခြစ်ခြင်းအတွက် သန့်ရှင်းစွာပြုလုပ်ထားသော ရေခဲခြစ်စက်ကိုအသုံးပြုပါ ။
ရေခဲမုန့် ပြင်ရန် သန့်ရှင်းသောကိရိယာများကိုအသုံးပြုပါ ။

(၅)ဆိုင်ခန်းနေရာတွင်ချက်ပြုတ်ခြင်းအတွက် များပြားသော ရေကို သုံးရမည့် စားသောက်ကုန်သည် အသုံးမပြုရပါ။

(၆)ညှော်သည်အားရောင်းမည့်အချိန်တွင် ချက်ချင်း အပူပေး၍ချက်ပြုတ်နိုင်သော စားသောက်ကုန်သာ အသုံးပြုပါ။

(၇)ကော်ပြန့်စိမ်းသည် အစာအဆိပ်သင့်မှု ကင်းရှင်းရန် အရောင်းအဝယ်ကို တားမြစ်ပါသည် ။

## Ⅱ သောက်စရာ

### ・နို့ထွက်ပစ္စည်းပါသောသောက်စရာများကို ပေးကမ်းခြင်း၊ရောင်းဝယ်ခြင်းမ ပြုလုပ်ရပါ။

ဥပမာ ဒိန်ချဉ်ရည် ၊ နွားနို့ ၊ နွားနို့ပါသောကော်ဖီ ၊ ရေခဲမုန့်တင်သောအအေး အစရှိသော နို့ထွက်ပစ္စည်း တစ်ဝက်ထက်
ပါသောသောက်စရာများကို မရောင်းနိုင်ပါ။

※potionသည် ရောင်းဝယ်နိုင်ပါသည် ။

※အမှုန့် ကို ရေနွေး ဖြင့် အရည်ဖျော်၍ ရောင်းနိုင်ပါသည် ။

## Ⅲအထွေထွေ

(၁)ချက်ပြုတ်ခြင်း ၊ အစားအစာခင်းကျင်းပြသမှုသည် ဆိုင်ခန်းအတွင်းသာပြုလုပ်ရမည်။
စားသောက်ကုန်များကိုချက်ပြုတ်၍ ပေးကမ်း ရောင်းဝယ်ရန် ဆိုင်ခန်းအတွင်း ကိရိယာ မလုံလောက်သောကြောင့်
၊ခက်ခဲသော ချက်ပြုတ်ခြင်း မပြုလုပ်နိုင်ပါ ။
လိုင်စင်ပါသောစားသောက်ဆိုင် သို့မဟုတ် နေရာများတွင် ကြိုတင်ပြင်ဆင်၍ ပြင်ဆင်ပြီးထားသော စားသောက်ကုန်ကို
သန့်ရှင်းစွာယူလာပါ ။ ဆိုင်ခန်းတွင် အပူပေးခြင်း စသော လွယ်ကူသော ချက်ပြုတ်ခြင်းသာ ပြုလုပ်ပါ။
ဆိုင်ခန်းအတွင်း ဓား မသုံးနိုင်ပါ ။ မီးဖို ကို မြေပြင် မှာထား၍ မသုံးရ။

(၂) စားသောက်ကုန် အားကြိုတင်ပြင်ဆင်မှု ပြုလုပ်သော စားသောက်ဆိုင် သို့မဟုတ် နေရာ၏ လုပ်ငန်းလိုင်စင်မိတ္တူကို
လျှောက်လွှာနှင့်ပူးတွဲလျှောက်ပါ။

(၃)ပွဲတော်မတိုင်မီ ကျန်းမာရေးမကောင်းသူ ၊ လက်တွင် ပြည်တည်သောရောဂါရှိသူများ သည် စားသောက်ကုန်အား
တိုက်ရိုက် မကိုင်တွယ်ရ ။

(၄)စားသောက်ကုန်များသည် နေရောင်ခြည် ရှောင်၍ထိန်းသိမ်းထားပါ။

## ■ဆိုင်ခန်းများ နေရာဖွဲ့စည်းပုံ

မြန်မာ့စားသောက်ဆိုင်တန်း

စားသောက်ဆိုင်များ ၊ အအေးဆိုင်များ

မြန်မာ့ဈေးတန်း

ကုမ္ပဏီမိတ်ဆက် ၊ ဈေးရောင်းဆိုင်ခန်းများ

ဒါနပြုကုမ္ပဏီဆိုင်ခန်းများ

# မြန်မာ့စားသောက်ဆိုင်တန်း

1 . စားသောက်ဆိုင်များ ၊ အအေးဆိုင်များ

မြန်မာ့အစားအစာ ၊ သောက်စရာ(အရက်ပါ)ရောင်းဝယ်နိုင်ပါသည် (တစ်ဆိုင်လျှင် ၅မျိုးအထိ)

မြန်မာ့အစားအစာနှင့် မပတ်သက်သော စားသောက်စရာ မရောင်းနိုင်ပါ။

အခြေခံအားဖြင့် စားသောက်ဆိုင်ဖွင့်လိုင်စင် ရှိသူသာ ဆိုင်ခန်းဖွင့်နိုင်ပါသည်။

ရောင်းဝယ်သောပစ္စည်းအလိုက် လိုအပ်သည့် ကိရိယာကို ကြိုတင်ပြင်ဆင်ရနိုင်မည်။ ကိရိယာကို ကြိုတင်မှာရန်လိုအပ်ပါက ရုံးကအကြောင်းကြားပါမည်။

များပြားသော ဆိုင်ခန်းက တူညီသော အစားအစာကို ပေးကမ်း ၊ ရောင်းဝယ်ရန် စီစဉ်ထားပါက ရုံးက သင့်တင့်အောင် လုပ်နိုင်မည်။

ဆိုင်တစ်ဆိုင် သို့မဟုတ် အဖွဲ့တစ်ဖွဲ့ကဆိုင်ခန်း နှစ်ဆိုင်အထက်သုံးရန် လျှောက်နိုင်ပါသည်။

※　ဆိုင်ခန်း နှစ်ဆိုင် ဖွင့်ရန်လျှောက်လိုရင်　『ရွက်ဖျင်တဲအပြည့်』 အဖြစ် လျှောက်ပါ ။

I 『ရွက်ဖျင်တဲတစ်ဝက်』

・ဆိုင်ခန်းသုံးခ : ယန်း ၁၂၀၀၀　(နှစ်ရက်တာ ၊ ဆိုင်ခန်းတစ်ဆိုင် ၊အောက်ပါပစ္စည်းများအပါ)

ရွက်ဖျင်တဲ…ဆိုင်ခန်းတစ်ဆိုင် အကျယ် 2.7m× အလျား 3.6m (ရွက်ဖျင်တဲကြီးတစ်ဝက်) ※9.72 ㎡

・ပုံစံ

(ရွက်ဖျင်တဲကြီး)




・ပါသောပစ္စည်းများ

၁။　စားပွဲတစ်လုံး (W1800×D450×H700) ၊ ကုလားထိုင်နှစ်လုံး

※စားပွဲပေါ်တွင်မီးသုံးကိရိယာများကိုသုံးရန်မသင့်လျော်ပါ။မီးဖိုကိရိယာကိုမှာ၍သုံးရန်သို့မဟုတ်မီးခံကိရိယာကို သုံးရန်လိုအပ်ပါသည်။

၂။　ဆိုင်းဘုတ် (W900× H250)

၃။　မီးသတ်ဆေးဘူးတစ်ဘူး (ဆိုင်ခန်းနှစ်ဆိုင်လျှင်တစ်ဘူး)

၄။　မီးချောင်း ( ဆိုင်ခန်းနှစ်ဆိုင်လျှင် တစ်ချောင်း )

၅။ လျှပ်စစ် (ဆိုင်ခန်းတဆိုင်လျှင်အပေါက်တခု ၁.၅kwအထိ၊ ၁.၅kwထက်လိုပါက ဆွေးနွေးရမည်)

၆။ ရေ

၇။ လက်ဆေး၊ ပန်းကန်ဆေးကန်

※ရပ်ကွက်ကျန်းမာရေးရုံးစည်းကမ်းအရတပ်ဆင်ပါသည်၊ဆိုင်ခန်းနှစ်ဆိုင်လျှင်တစ်လုံး

၈။ ရေခဲသေတ္တာ ※ရပ်ကွက်ကျန်းမာရေးရုံးစည်းကမ်းအရတပ်ဆင်ပါသည်၊ဆိုင်ခန်းနှစ်ဆိုင်လျှင်တစ်လုံး
ညတာမှာ မီး မလာသောကြောင့် ရေခဲသေတ္တာ လုံးဝ မသုံးနိုင်ပါ။
ပထမနေ့မှာ ကျန်ရှိသော စားသောက်ကုန်များ ယူပြန်ပါ။

၉။ အမှိုက်စွန့်ပစ်ရန်စရိတ်

※သတ်မှတ်ချက်အတိုင်း ခွဲခြားထားသော အမှိုက်သာ လက်ခံမည်။ ခွဲခြားခြင်းမပြုလုပ် ပါက လုံးဝ လက်မခံနိုင်ပါ။
ကော်မတီ ညွှန်ကြားချက်ကို မလိုက်နာပါက နောင်နှစ်မှာ ဆိုင်ဖွင့်ခြင်းကို ငြင်းပယ်နိုင်မည်။
ခွဲခြားခြင်းမပြုလုပ်သော အမှိုက်များ၊ အမှိုက်အကြီးများ စွန့်ပစ်ပါက သီးခြားစရိတ်ကောက်ရမည်။

Ⅱ 『ရွက်ဖျင်တဲအပြည့်』

・ဆိုင်ခန်းသုံးခ : ယန်း ၂၀၀၀၀၀ (နှစ်ရက်တာ၊ ဆိုင်ခန်းတစ်ဆိုင် ၊အောက်ပါပစ္စည်းများအပါ)

ရွက်ဖျင်တဲ…ဆိုင်ခန်းတစ်ဆိုင် အကျယ်5.4m×အလျား 3.6m (ရွက်ဖျင်တဲကြီး) ※19.44 ㎡

・ပါသောပစ္စည်းများ ၊ အထက်ဖော်ပြထားသော ၁ က ၉ နှင့်တူပါသည်
(လက်ဆေးကန်နှင့်ရေခဲသေတ္တာကိုတစ်ဆိုင်တည်းသုံးနိုင်ပါသည်)

・ ပုံစံ

(ရွက်ဖျင်တဲကြီး)

3.6m




# မြန်မာဈေးတန်း

2. ကုမ္ပဏီမိတ်ဆက်၊ ဈေးရောင်းဆိုင်ခန်းများ

မြန်မာနှင့်ဆိုင်သည့်ကုမ္ပဏီ၏လုပ်ငန်းမိတ်ဆက်၊ ကြော်ငြာ၊ပစ္စည်းအရောင်းစသောပြုလုပ်ရန်နေရာဖြစ်ပါသည်။

(ထည့်စရာမှာ တည့်၍ မြန်မာ့မုန့် ရောင်းနင်ပါသည်။ မြန်မာ့ပစ္စည်းများ လည်း ရောင်းနိုင်ပါသည်။)
မြန်မာဈေးတန်းတွင် နည်းနည်းမျှသာ မြည်းကြည့်နိုင်ပါသည်။ များစွာ မြည်းကြည့်ရလျှင် ကြိုတင် လျှောက်ပါ။
မြန်မာ့စားသောက်ဆိုင်တန်းသို့ ရွှေ့ပြောင်းမည် (NPO/NGOဆိုင်ခန်းလည်းအတူတူ)
မြန်မာနှင့်မဆိုင်သောကုမ္ပဏီသည်ဆိုင်ဖွင့်ခြင်း သည်းခံပါ။
ကုမ္ပဏီတစ်ခုက ဆိုင်ခန်းနှစ်ခန်းထက်အသုံးပြုရန်လျှောက်နိုင်ပါသည်။

・ဆိုင်ခန်းသုံးခ : ယန်း ၁၀၀၀၀ (နှစ်ရက်တာ ၊ ဆိုင်ခန်းတစ်ဆိုင် ၊အောက်ပါပစ္စည်းများအပါ)
ရွက်ဖျင်တဲ…ဆိုင်ခန်းတစ်ဆိုင် အကျယ်3. 6m×အလျား 2. 7m (ရွက်ဖျင်တဲငယ်) ※9. 72 ㎡
・ပါသောပစ္စည်းများ
၁။ စားပွဲတစ်လုံး（W1800×D450×H700）၊ ကုလားထိုင်နှစ်လုံး
၂။ ဆိုင်းဘုတ် (W900× H 250)
၃။ မီးချောင်း တစ်ချောင်း
၄။ လျှပ်စစ် (ဆိုင်ခန်းတဆိုင်လျှင်အပေါက်တခု ၁.၅kwအထိ၊ ၁.၅kwထက်လိုပါက ဆွေးနွေးရမည်)
※အမှိုက်များသည်ကိုယ်တိုင်တာဝန်ယူ၍ယူပြန်ပါ။

・ပုံစံ
(ရွက်ဖျင်တဲငယ်)




3. NGO・NPOဆိုင်ခန်းများ
မြန်မာ့ဆိုင်ရာ N G O ・ N P Oအဖွဲ့များ၏လှုပ်ရှားမှုမိတ်ဆက် နှင့်မြန်မာ့ပစ္စည်းများရောင်းရန်နေရာဖြစ်ပါသည်။
အလှူခံသည်မြန်မာဆိုင်ရာလုပ်ငန်းအတွက်သာပြုလုပ်နိုင်ပါသည်။
အဖွဲ့တစ်ခုက ဆိုင်ခန်းနှစ်ခန်းထက်အသုံးပြုရန်လျှောက်နိုင်ပါသည်။

・ဆိုင်ခန်းသုံးခ : ယန်း ၃၀၀၀ (နှစ်ရက်တာ ၊ ဆိုင်ခန်းတစ်ဆိုင် ၊အောက်ပါပစ္စည်းများအပါ)
ရွက်ဖျင်တဲ…ဆိုင်ခန်းတစ်ဆိုင် အကျယ် 1. 8m×အလျား 2. 7m (ရွက်ဖျင်တဲငယ်တစ်ဝက်) ※4. 86 ㎡
(ဆိုင်ခန်းတစ်ဆိုင်အတွက် ရွက်ဖျင်တဲငယ်တစ်ဝက် ၊ အဖွဲ့နှစ်ဖွဲ့က ရွက်ဖျင်တဲတစ်ခု ကို တဝက်ချင်း သုံးရမည်။ )

・ပါသောပစ္စည်းများ

၁။ စားပွဲတစ်လုံး（W1800×D450×H700）၊ ကုလားထိုင်နှစ်လုံး

၂။ ဆိုင်းဘုတ်（W900× H 250）

၃။ မီးချောင်း တစ်ချောင်း

၄။ လျှပ်စစ်（ဆိုင်ခန်းတဆိုင်လျှင်အပေါက်တခု ၁.၅kwအထိ၊ ၁.၅kwထက်လိုပါက ဆွေးနွေးရမည်）

၅။ ရွက်ဖျင်တဲ အလယ်မှာ အကာ ပါသည်။

အမှိုက်များ ကိုယ်တိုင် ပြန်ယူပါ။

・ပုံစံ




■ လျှောက်လွှာများ

မြန်မာ့ပွဲတော်၂၀၁၅တွင်ဆိုင်ခန်းဖွင့်ရန် အောက်ပါလျှောက်လွှာများကိုတင်ပါ။

-- လျှောက်လွှာများမှာ ဂျပန်စာဖြင့် ရေးသားပါ။ ဂျပန်စာဖြင့် ရေးသားရန်ခဲယဉ်းပါက ပွဲတော်ရုံး ကို တိုင်ပင်ပါ။

၁။မြန်မာ့ပွဲတော် ဆိုင်ခန်းဖွင့်ရန်လျှောက်လွှာ

၂။ရောင်းချမည့်ပစ္စည်းများ စာရင်း

【စားသောက်ဆိုင်ဖွင့်လိုပါက အောက်ပါစာရွက်များလည်းတင်ပါ။】

၃။စားသောက်ဆိုင်ဖွင့်ခွင့်လိုင်စင်မိတ္တူ

၄။ရောင်းချမည့်မြန်မာ့အစားအစာ၏ဓာတ်ပုံ(ပွဲတော်တွင်ရောင်းချမည့်ပုံစံအတိုင်းဓာတ်ပုံရိုက်ပါ (ပန်းကန်၊ပမာဏစသော))

၅။အရက်ရောင်းချရန်လိုင်စင်မိတ္တူ

（သံဗူးပုလင်းဖြင့်ရောင်းချရန်လိုအပ်ပါသည်။ဖန်ခွက်တွင်လောင်းထည့်၍ရောင်းချပါကအမှတ်၃သာတင်ပါ။
မြန်မာ့ဈေးတန်းတွင် အရက်ရောင်းလိုလျှင် မပျက်မကွက်တင်ပါ）

■ သတိပြုချက်များ

ပွဲတော်အားလုံးနှင့်ဆိုင်ရာသတိပြုချက်များ

・ပွဲတော်အစီအစဉ်သည် ပွဲတော်ကျင်းပရေးအဖွဲ့ ဆုံးဖြတ်ချက်အရ အပြောင်းအလဲရှိနိုင်မည်။
・မူအားဖြင့် မိုးရွာမရှောင်ပွဲတော်လုပ်သော်လည်း သဘာဝအန္တရာယ်စသော မလွှဲမရှောင်သာအကြောင်းရင်းပေါ်ပေါက်ခဲ့ပါက ပွဲတော်ကိုရပ်ဆိုင်းပါမည်။ထို့နောက် ဆိုင်ခန်းခများကို လုံးဝ ပြန်မအပ်ပေးပါကြောင်း သဘောလက်ခံပါ။
・ပွဲတော် နေရာတွင် ဝန်ထမ်း၏ညွှန်ကြားချက်များ ၊ သတိပြုချက်များကိုမလိုက်နာသောကြောင့် အဆုံးအရှုံး ၊ ပြဿနာ ဖြစ်ပွါးပါက ပွဲတော်ဦးဆောင်းရေးအဖွဲ့ အနေဖြင့် တာဝန်မယူပါ ။ ပွဲတော်ဦးဆောင်းရေးအဖွဲ့၏ ညွှန်ကြားချက်များကို မလိုက်နာပါက ထွက်ခွါရန် အမိန့်ချနိုင်မည်။
・လာရောက်ခန့်မှန်းလူဦးရေ ၊ ရောင်းဝယ်အကျိုးအမြတ် ၊ ကုန်ကျစရိတ် အား ပွဲတော်ကျင်းပရေးအဖွဲ့ နှင့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီ အနေဖြင့် အာမခံ မခံပါ ကြောင်း ကြိုတင်သဘောတူညီပါ။

## ပွဲတော်နေရာအတွင်းသတိပြုချက်များ

・**ပွဲတော်နေရာအတွင်း ကားရပ်ရန်နေရာမရှိပါ။ ပြင်ပ ကားရပ်ကွင်းကိုအသုံးပြုပါ။** ဆိုင်ခန်းအတွက်ပစ္စည်း ယူဆောင်လာသောကားများ အတွက် တပ်မံ အကြောင်းကြားမည်။
・ဆိုင်ခန်းများတွင်ဖြန့်ဝေသောစာရွက်များကို ပွဲတော် မကျင်းပခင် ပွဲတော်ဝန်ထမ်းက စိစစ်မည်။ ပွဲတော်နှင့်မသင့်လျော်သော ဖြန့်ဝေစရာများ နှင့် ဖြန့်ဝေနည်း ရှိပါက ဖြန့်ဝေခြင်းကို ရပ်ဆိုင်းရန် ညွှန်ကြားနိုင်မည်။ပွဲတော်ဝန်ထမ်း၏ညွှန်ကြားချက်ကိုလိုက်နာ၍ ဖြန့်ဝေပါ။

※နိုင်ငံရေးအဖွဲ့ ၊ ဘာသာရေးအဖွဲ့ ၊ မသင့်လျော်သောအဖွဲ့များက အဖွဲ့ဝင်ဖိတ်ခေါ်မှု ပြုလုပ်ခြင်းကို တားမြစ်ပါသည်။

・ပွဲတော်ရုံးအနေဖြင့် ပြင်ဆင်နိုင်သောဆိုင်းဘုတ်သည် ချိတ်ဆွဲသည့်ဆိုင်းဘုတ်သာဖြစ်ရမည်။အခြားဆိုင်းဘုတ်များတပ်ဆင်လိုပါက ဆိုင်ခန်းဖွင့်သူ ကိုယ်တိုင်တာဝန်ယူ၍ တပ်ဆင်ပါ။ တပ်ဆင်သောအခါ လေပြင်းအန္တယ်ကင်းရှင်းရန် လုံလောက်စွာဆောင်ရွက်ပါ။
・လက်တွေ့သည်ပြခြင်း ၊ ဟောပြောခြင်းစသောပြုလုပ်ရန်အသံချဲ့စက်များ အသုံးပြုပါက အခြားဆိုင်ခန်းများအား အနှောင့်အယှက်မဖြစ်ရန်ဂရုစိုက်ပါ။ ဆူညံသံကြောင့် တခြားဆိုင်ခန်းများ သို့မဟုတ်ဧည့်သည်များကမကျေမနပ်ဖြစ်၍ ကိုင်တမ်းလာပါကသင့်လျော်အောင်ပြုပြင်ရန်ညွှန်ကြားနိုင်မည်။ဧည့်သည်များဖိတ်ခေါ်ရန်အသံချဲ့စက်များကို အသုံးမပြုရပါ။
・ပွဲတော်နေရာတွင် သတ်မှတ်ထားသောနေရာမှအပ ဆေးလိပ်မသောက်ရ။
・**ပွဲတော်နေရာအတွင်းရှိသော ဘုရားဖူးလမ်းပေါ်တွင်စားသောက်ခြင်းလုံးဝမပြုရ။ မြန်မာ့စားသောက်ဆိုင်တန်း နှင့် Pilotis ဘက်တွင်သာ စားသောက်ရန်မေတ္တာရပ်ခံအပ်ပါသည်။**
・နေရာရှင်ဖြစ်သော Zojoji ကျောင်း၏စည်းကမ်းများကိုလိုက်နာရမည်။ နေရာကိုသန့်ရှင်းစွာအသုံးပြုပါ။ သစ်ပင်များကိုဒဏ်ရာ မရစေရန် ဂရုစိုက်ပါ။
・ပွဲတော်နေရာအပြင်၊အတွင်းတွင် ဧည့်သည်များနှင့်ဆိုင်ခန်းဖွင့်သူ သို့မဟုတ် ဆိုင်ခန်းဖွင့်သူများကြားတွင် မတော်တဆမှု ၊ ပြဿနာများ ဖြစ်ပွါးပါက ကာယကံရှင်များကဖြေရှင်းရမည်။ ပွဲတော်ဦးဆောင်းရေးအဖွဲ့အနေဖြင့် တာဝန်မယူပါ။
・ဧည့်သည်များအတွက် အနှောင့်အယှက်မဖြစ်ရန်ဆောင်ရွက်ပါ။

## ဆိုင်ခန်းဖွင့်သူ ပစ္စည်းများ၊စာရွက်စာတမ်းများပို့ဆောင်ရေး

・ကြိုတင်ပို့ဆောင်
ပွဲတော်ရုံးအနေဖြင့်ပြင်ပမှပစ္စည်းများ၊စာရွက်စာတမ်းများပေးပို့လာခြင်းကိုလက်မခံနိုင်ပါ။ပွဲတော်နေရာလိပ်စာသို့ပစ္စည်းများ၊စာရွက်စာတမ်းများကိုမပို့ရပါ။ Convenience storeတွင်လက်ခံနိုင်သည့်ဝန်ဆောင်မှုကိုအသုံးပြုပါ။
သို့မဟုတ် ပွဲတော်နေ့တွင် ကိုယ်တိုင်လက်ခံပါ။
・ပွဲတော်ပြီးနောက်ပစ္စည်းများပြန်ယူခြင်း
ပွဲတော်ရုံးမှာပွဲတော်ပြီးနောက်ပစ္စည်းများ၊စာရွက်စာတမ်းများလက်ခံအပ်နှံထားခြင်းကိုလက်မခံပါ။ဆိုင်ခန်းဖွင့်သူမှ မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရပါမည်။

**တာဝန်ကင်းလွတ်ခြင်း**

・နေရာတွင်ပြင်ဆင်ထားသောပစ္စည်းများ၊ကိရိယာများကိုပျက်စီးပါက တူညီသောစရိတ်ကိုလျော်ရမည်။

・နေရာတွင် လုံခြုံမှုဝန်ထမ်းများကကြီးကြပ်ဆောင်ရွက်မည်။ သို့သော်လည်း ပွဲတော်ဦးဆောင်ရေးအဖွဲ့က မီးလောင်မှု၊ အခိုးခံရမှု ၊ ပစ္စည်းပျောက်ဆုံးမှု ၊ ပျက်စီးမှုနှင့် အခြားအမှု နှင့်ပတ်သက်သော လျော်ကြေးပေးရန်တာဝန်ကို ကင်းလွတ်သည်ဖြစ်ပါသည်။

・သောက်စရာ သို့မဟုတ် မုန့်များကို အခမဲ့ပေးကမ်း၍အစာအဆိပ်သင့်မှုဖြစ်ပွါးပါက ဆိုင်ခန်းဖွင့်သူက တာဝန်ယူရမည်။

・ဆိုင်ခန်းကိုပြင်ဆင်မွမ်းမံပြုလုပ်ပါက ပွဲတော်ပြီးနောက် မူလအတိုင်းပြန်ပြင်ရမည်။ စွန့်ပစ်ရန်အခစရိတ် လိုအပ်သောပစ္စည်းများ ကျန်ရှိပါက ဆိုင်ခန်းဖွင့်သူအား စရိတ်တောင်းခံရမည်။

・ပွဲတော်ကျင်းပရေးအဖွဲ့က သဘာဝအန္တရာယ်၊ အရေးပေါ်အမှုစသောမလွှဲသာအခြေအနေကြောင့် ပွဲတော်ကို ရပ်ဆိုင်းခြင်း သို့မဟုတ်အပြောင်းအလဲခြင်းပြုလုပ်နိုင်ပါသည်။ ဤသို့သောဆောင်ရွက်မှုဖြင့် ဖြစ်ပွါးသော လျော်ကြေးပေးရန်တာဝန်ကို ပွဲတော်ကျင်းပရေးအဖွဲ့က ကင်းလွတ်သည်ဖြစ်ပါသည်။

・ပွဲတော်အချိန်ကာလတွင် ဖြစ်ပွါးသော မတော်တဆမှု ကို ထောက်ထား၍ အာမခံအမျိုးမျိုးကို အသုံးပြုပါ။

## လျှောက်လွှာတင် - အခစရိတ်ပေး - ပွဲတော်နေ့ အထိ အစီအစဉ်

ကော်မတီရုံးက အောက်ပါအတိုင်း လျှောက်လွှာလက်ခံ၍ ပစ္စည်းများ ပြင်ဆင်မည်

◆ ဇူလိုင်လ ၁၆ ရက် ကြာသပတေးနေ့ လျှောက်လွှာများ အပြီး ရောက်ရမည်

ဆိုင်ခန်းဖွင့်သူက မြန်မာပွဲတော်ဖြစ်မြောက်ရေးကော်မတီရုံးသို့ ဇူလိုင်လ ၁၆ ရက်ကို နောက်ဆုံးထား၍လျှောက်လွှာများတင်ရမည်။မြန်မာ့ပွဲတော်ဆိုင်ခန်းဖွင့်ရန်လျှောက်လွှာတွင် ဖော်ပြထားသောစာရွက်အားလုံးကိုအပြည့်ရေးသွင်း၍ လိုအပ်သောအခြားစာရွက်များ နှင့်အတူတူပို့ပါ။

【လိပ်စာ】
**Myanmar Matsuri Booth shutten moshikomi uketuke gakari**
**3-8-5, floor 3, Hyugano building,**
**Toyo Koto-ku, Tokyo 135-0016 Japan**

**◆ဩဂုတ်လ ၄ရက် အင်္ဂါနေ့** ဆိုင်ခန်းဖွင့်ရန် ရမရကို ဩဂုတ်လ ၄ ရက်တွင် အကြောင်းကြားမည်
**◆ဩဂုတ်လ ၂၀ရက် ကြာသပတေးနေ့ ဆိုင်ခန် းဖွင့်သူရှင်းလင်းပွဲ** ဆိုင်ခန်းဖွင့်သူအားလုံးက တက်ရောက်ရမည်။ အသေးစိတ်ကို နောက်မှ အကြောင်းကြားမည်

ပထမဦးဆုံး ဆိုင်ခန်းဖွင့်လိုသူများအတွက် ရှင်းလင်းပွဲနောက်

ပွဲတော်ကျင်ပရာနေရာမှာ ရှင်းပြပါမည်။

**◆ စက်တင်ဘာလ ၅ ရက် စနေနေ့ ပစ္စည်းမှာရန် နောက်ဆုံးရက်**
**◆ စက်တင်ဘာလ ၁၀ ရက် ကြာသပတေးနေ့ ဆိုင်ဖွင့်ခနှင့်ပစ္စည်းခ ပေးရန် နောက်ဆုံးရက်**
ဆိုင်ဖွင့်သူက စက်တင်ဘာလ ၁၀ ရက်ကိုနောက်ဆုံးထား၍ ဘဏ်များမှာ အခစရိတ် ပေးပါ

**◆အောက်တိုဘာလ ပထမပတ်** **နောက်ဆုံးအကြောင်းကြား**
ပွဲတော် နေရာသို့ ပစ္စည်းများ ယူဆောင်နည်းနှင့်အချိန်ကိုအကြောင်းကြားမည်